# ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈ ။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဓာတုပစ္စည်း**ဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကို သော်လည်းကောင်း၊ အသက်ကိုသော်လည်းကောင်း အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှု ဖြစ်စေသည့် သဘာဝအရဖြစ်စေ၊ လူတို့ပြုလုပ်ဖန်တီးရာမှဖြစ်စေ၊ ထွက်ပေါ်လာသောဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှောများကိုဆိုသည်။ ယင်းစကားရပ်တွင် ဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှောများကို နည်းပညာအရ ဓာတ်ပြုပေါင်းစပ်ခြင်းဖြင့် ရရှိသော အခိုးအငွေ့၊ အရည်၊ အဆီနှင့် အစိုင်အခဲစွန့်ပစ်ပစ္စည်းများလည်း ပါဝင်သည်။

# Prevention of Hazard from Chemical and Related Substances Law

## (2013, Pyidaungsu Hluttaw Law No, 28)

## The 5th Waning of Wagaung 1375 M.E

## (26th August , 2013)

The Pyidaungsu Hluttaw hereby enacts this Law.

## Chapter I

## Title and Definition

1. This Law shall be called the Prevention of Hazard from Chemical and Related Substances Law.

2. The following expressions contained in this Law shall have the meanings given here under:-

   (a) **Chemical** means the chemical element, compound and mixture which appeared from men made or by natural to be hazardous to Human Being and Animals' health or life, be disadvantages on the environment. This expression also includes smoke and gas, liquid, oil and grease and solid wastes which are obtained from chemical reaction of element, compound and mixture by technique;

(ခ) **ဆက်စပ်ပစ္စည်း**ဆိုသည်မှာ ဓာတုပစ္စည်းမှ ထွက်ပေါ်လာသော အန္တရာယ် ဖြစ်စေသည့် ဆင့်ပွားပစ္စည်းများကို ဆိုသည်။

(ဂ) **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ဓာတု ပစ္စည်းကိုဖြစ်စေ၊ ဆက်စပ်ပစ္စည်းကိုဖြစ်စေ၊ သိုလှောင်ခြင်း၊ နည်းပညာအရ ပြုပြင် ခြင်း၊ စီးပွားရေး အလို့ငှာ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်းသို့မဟုတ်စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းကိုဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စက်မှုဝန်ကြီးဌာန ကိုဆို သည်။

(င) **ဗဟိုဦးစီးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ဓာတုပစ္စည်း နှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟို ဦးစီးအဖွဲ့ ကို ဆိုသည်။

(စ) **ဗဟိုကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ဓာတု ပစ္စည်း နှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုကြီးကြပ် ရေး အဖွဲ့ကို ဆိုသည်။

(ဆ) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးအတွက် ဤဥပဒေအရ ဖွဲ့စည်း သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့များကို ဆိုသည်။

(ဇ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ဤဥပဒေ အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(b) **Related Substance** means derivative substances which are to be hazardous appeared from chemical;

(c) **Chemical and Related Substances Business** means the business that are storing, treating by technique, for the commercial purpose of producing, using, import, export, transporting, possessing, distributing, purchasing, selling or discharging of the chemical or the related substances;

(d) **Ministry** means the Ministry of Industry of the Union Government;

(e) **Central Leading Board** means the Central Leading Board of the Prevention of Hazard from Chemical and Related Substances formed under this Law;

(f) **Central Supervisory Board** means the Central Supervisory Board of the Prevention of Hazard from Chemical and Related Substances formed under this Law;

(g) **Supervisory Board** means the Supervisory Boards of the Region, the State, the Union Territory, the Self-Administered Division, the Self-Administered Zone, the District or the Township of the Prevention of Hazard from Chemical and Related Substances formed under this Law;

(h) **Board of Inspection** means the board of inspection which is formed by the respective supervisory board under this law;

(ဈ) **လိုင်စင်**ဆိုသည်မှာ ဓာတုပစ္စည်းသို့မဟုတ် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မှတ်ပုံတင်ထားသည့် ဓာတုပစ္စည်းနှင့် ဆက်စပ် ပစ္စည်းများအတွက် ဤဥပဒေအရ ဗဟိုကြီးကြပ်ရေးအဖွဲ့ကထုတ်ပေးသောမှတ်ပုံတင် လက်မှတ်ကို ဆိုသည်။

(ဋ) **အမျိုးသားအဆင့်ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများစာရင်း** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်း မည်သည့်လုပ်ငန်းတွင်မဆို အသုံးပြုနိုင်ရန် ဗဟိုဦးစီးအဖွဲ့က အမျိုးအစား ခွဲခြားသတ်မှတ်ထားသော ဓာတုပစ္စည်း နှင့် ဆက်စပ်ပစ္စည်းများ၏ အမျိုးသားအဆင့် စာရင်းကို ဆိုသည်။

(ဌ) **အမျိုးအစားခွဲခြားခြင်း**ဆိုသည်မှာ သာမန်ဓာတုပစ္စည်း၊ ကန့်သတ်ဓာတုပစ္စည်းနှင့် တားမြစ်ဓာတုပစ္စည်းများ ဟူ၍ခွဲခြားခြင်းကိုဆိုသည်။

(ဍ) **သိုလှောင်ရုံ**ဆိုသည်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း မပြုမီ ပြည်တွင်းတွင် သုံးစွဲနိုင်ရေးအတွက် ပြည်ပမှတင်သွင်းသော အန္တရာယ်ရှိနိုင်သည့် ပမာဏရှိသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း များကို သိုလှောင်ရန် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ထားသော အဆောက်အအုံ သို့မဟုတ် သိုလှောင်ကန်ကို ဆိုသည်။

(ဎ) **အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်း**ဆိုသည်မှာ ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းထည့်သော ဘူး၊ ပုလင်း၊ ကတ်ပြား၊ ဘူးခွံများနှင့် ထုပ်ပိုးပစ္စည်းများ၊ ယင်းတို့ကို သိုလှောင်သိမ်းဆည်းထားသော သိုလှောင်ရုံများ၊ ယင်းတို့ကို သယ်ယူ ပို့ဆောင်သောယာဉ်များတွင် သတ်မှတ်ချက်များနှင့်အညီ အန္တရာယ်ဖော်ပြချက် သတိပေးအမှတ်အသားကပ်ခြင်းကို ဆိုသည်။

(i) **Licence** means the permission to operate the chemical or related substance business, issued by the Central Supervisory Board under this Law;

(j) **Registration Certificate** means the Registration Certificate which is registered for the chemical and related substances, issued by the Central Supervisory Board under this Law;

(k) **National Chemical and Related Substances Profile** means the National Chemical and Related Substances Profile which is classified to be able to use in any business in Myanmar by the Central Leading Board;

(l) **Classification** means the classification of Conditional Chemical, Restricted Chemical and Prohibited Chemical;

(m) **Storehouse** means the building or tank constructed in accordance with the standard to store the dangerous amount of chemical and related substances which is imported to be able to use in local before producing, selling or exporting the chemical and related substances;

(n) **Labelling** means the Material Safety Data Sheet with hazard statement warning that is stuck on the box, bottle, cardboard, empty boxes and packages which is put chemical or related substances, the storehouses which are stored them, the vehicles which are transported them in accordance with the stipulations;

(ဏ) **မူလဓာတ်ခွဲခန်း** ဆိုသည်မှာ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း နမူနာများကို ဓာတ်ခွဲစစ်ဆေးရန် ဗဟိုဦးစီးအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဓာတ်ခွဲခန်းကိုဆိုသည်။

(တ) **အသိအမှတ်ပြုဓာတ်ခွဲခန်း** ဆိုသည်မှာ မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ လိုအပ်သည့်အခါ ထပ်မံစစ်ဆေးပြီး အပြီးသတ် အဆုံးအဖြတ်ပြုနိုင်ရန် ဗဟိုဦးစီးအဖွဲ့ကသီးခြား သတ်မှတ်ပေးသော ဓာတ်ခွဲခန်းကိုဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများအား ဘေးအန္တရာယ်ဖြစ်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင် အရင်းအမြစ် များကို ထိခိုက်ပျက်စီးစေခြင်းမှ ကာကွယ်ရန်၊

(ခ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ ကြီးကြပ် ကွပ်ကဲရန်၊

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျ သုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ရယူသောစနစ်ကို ဆောင်ရွက် ရန်၊

(o) **Primary Laboratory** means a laboratory prescribed by the Central Leading Board by notification to analyze samples of the chemical and related substances;

(p) **Appellate Laboratory** means a laboratory specified separately by the Central Leading Board when if require to examine again and to make a final and conclusive decision, in respect of the report of analysis remark of the Primary Laboratory;

## Chapter II

## Aims

3. The aims of this Law are as follows:-

(a) to protect from being damaged the natural environment resources and being hazardous any living beings by chemical and related substances;

(b) to supervise systematically in performing the chemical and related substances business with permission for being safety;

(c) to perform the system of obtaining informations and to perform widely educative and research for using the chemical and related substance systematically;

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်။

## အခန်း (၃)

## ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဗဟိုဦးစီးအဖွဲ့ ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ်<br>ဒုတိယဝန်ကြီးများ<br>သက်ဆိုင်ရာဝန်ကြီးဌာနများ | အဖွဲ့ဝင် |
| (၄) | ကော်မတီ ဥက္ကဋ္ဌများ<br>သက်ဆိုင်ရာမြို့တော်<br>စည်ပင်သာယာရေး | အဖွဲ့ဝင် |
| (၅) | ကျွမ်းကျင်သူပညာရှင်တစ်ဦး | တွဲဖက်အတွင်းရေးမှူး(၁) |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

(d) to perform the sustainable development for the occupational safety, health and environmental conservation.

## Chapter III

## Formation of the Central Leading Board

4. The Union Government:-

(a) shall organize the Central Leading Board as follows:-

| | | |
|---|---|---|
| (1) | Union Minister<br>Ministry of Industry | Chairperson |
| (2) | Union Minister<br>Ministry of Health | Vice-chairperson |
| (3) | Union Ministers or Vice Ministers<br>Respective Ministries | Member |
| (4) | Chairpersons of the Committee<br>Respective City Development | Member |
| (5) | A skilled practitioner | Joint-Secretary (1) |
| (6) | Director General<br>Department of Fire Brigade<br>Ministry of Home Affairs | Joint-Secretary (2) |

(၇) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စက်မှုညွှန်ကြားရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော ဗဟိုဦးစီးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)

## ဗဟိုဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ဗဟိုဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီး ကာကွယ်ရေး နှင့် စပ်လျဉ်း ၍ မူဝါဒချမှတ်ခြင်း၊

(ခ) ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းနှင့်ပြည်ပသို့တင်ပို့ခြင်းမပြုရန် တားမြစ်ပိတ်ပင်သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း၏ အမျိုး အမည်နှင့် ပမာဏကို သတ်မှတ် ခြင်း၊

(ဂ) လိုင်စင်သက်တမ်းနှင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတို့ကို သတ်မှတ်ခြင်း၊

(ဃ) လိုင်စင်လျှောက်ထားသူနှင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူတို့၏ အရည်အချင်း နှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) အန္တရာယ် သတိပေးအမှတ်အသားကပ်ခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း၊

(7) Director General | Secretary
Directorate of Industry
Ministry of Industry

(b) may amend the formation of Central Leading Board formed by sub-section (a), if necessary.

## Chapter IV

## The Duties and Powers of the Central Leading Board

5. The duties and powers of the Central Leading Board are as follows:-

(a) laying down the policy relating to the prevention of hazard from chemical and related substances;

(b) specifying the identity and the amount of the banned chemical and related substances not to do producing, treating and formulating, using, possessing, storing, distributing and selling, transporting, import and export;

(c) stipulating the duration of licence and the registration certificate;

(d) stipulating the regulations and qualifications of the licence applicant and registration certificate applicant;

(e) stipulating and issuing the regulations relating to the labelling;

(စ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများသိုလှောင်ထားရှိမည့် သိုလှောင်ရုံ တည်ဆောက်သင့်သောနေရာ သတ်မှတ်ခြင်း၊ သိုလှောင်ရုံ နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများကို သတ်မှတ်ခြင်း၊

(ဇ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ စာရင်းနှင့် စပ်လျဉ်း၍ အမျိုးအစား ခွဲခြားခြင်း၊ စာရင်းထုတ်ပြန်ခြင်း၊ ယင်းတို့ ၏ ကန့်သတ်ချက်များကို သတ်မှတ်ခြင်းနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများ အရသော်လည်းကောင်း၊ သုတေသန စမ်းသပ်တွေ့ရှိချက်အရ သော်လည်းကောင်း အမျိုးအစားခွဲခြားခြင်းကို ပြန်လည် ပြင်ဆင်ခြင်း၊

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေး၊ အသက်အန္တရာယ် တိုက်ရိုက်ထိခိုက်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှတစ်ဆင့် လူနှင့် တိရစ္ဆာန်များ၏ ကျန်းမာရေး နှင့် အသက်အန္တရာယ်အား သွယ်ဝိုက်ထိခိုက်မှုတို့ကို ကြိုတင် ဆန်းစစ်မှု ပြုလုပ်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ည) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သဘာဝ ပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုကို ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်မှုနှင့် ပတ်ဝန်းကျင်သို့ ဆိုးကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သောအဖွဲ့များ ဖွဲ့စည်း၍ တာဝန်ပေးခြင်းနှင့် အရေးယူခြင်း၊

(f) stipulating the regulations relating to the storehouse and stipulating the site plan of the storehouse where the chemical and related substances are to be stored;

(g) specifying the Primary Laboratory and Appellate Laboratory;

(h) classifying, issuing the list relating to the national chemical and related substances profile and stipulating their restrictions and reamending the classification according to the international standard and norms or the result of research and experiment;

(i) pre-assessing and performing the effective management on direct impact which causes danger to the health and life of workers in the chemical and related substances business and indirect impact which causes danger on the health and life of Human Being and Animals through the environmental pollution;

(j) assessing and performing the effective management on disadvantages of natural environment due to the chemical and related substances;

(k) forming and assigning the necessary bodies to be able to perform the assessment on the disadvantages to environment and causing danger on health of Human Being and Animals by the chemical and related substances and taking action;

(၄) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အကြံပေးအဖွဲ့နှင့် အခြား ပညာရပ် ဆိုင်ရာအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊

(၃) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီး ကာကွယ် ရေး နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ဗဟိုဦးစီးအဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်၍ ဆောင်ရွက်စေနိုင် သည်။

## အခန်း (၅)

## ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ဗဟိုဦးစီးအဖွဲ့သည် -

(က) စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဒုတိယ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်များ အဖြစ် လည်းကောင်း ပါဝင်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း များ အန္တရာယ်မှ တားဆီး ကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးနှင့် တွဲဖက် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များအား အဖွဲ့ဝင်များ အဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(l) forming the Advisory Board and the bodies of other specialized subject concerned with the chemical and related substances, if necessary;

(m) carrying out the duties assigned by the Union Government relating to the Prevention of Hazard from Chemical and Related Substances occasionally.

6. The Central Leading Board may delegate to any organization or any person to carry out its any duty and function.

## Chapter V

## Formation of the Central Supervisory Board and its Duties and Powers

7. The Central Leading Board:-

(a) shall form the Central Supervisory Board of the Prevention of Hazard from the Chemical and Related Substances including the Director General from the Directorate of Industry as a chairperson, the Director General from the Department of Fire Brigade as a Vice-chairperson and the persons from relevant ministries and Governmental Department and Organization as members and shall prescribe the Secretary and the Joint-Secretary of the Central Supervisory Board;

(b) may form the Central Supervisory Board with the skilled practitioners in relevant subject as members if necessary under sub-section (a).

၈။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများက ထုတ်လုပ်သောဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများသည် သတ်မှတ်စံချိန်စံညွှန်း များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) ဗဟိုဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့ များကို လိုအပ်သလို ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ခြင်း၊

(ဃ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းတွင် ပြင်ဆင်သင့်သော သို့မဟုတ်ဖြည့်စွက်သင့်သော သို့မဟုတ် ပယ်ဖျက်သင့်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း အမျိုးအမည်ကို ဗဟိုဦးစီးအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(င) ခွင့်ပြုချက်ဖြင့်သုံးစွဲသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဝယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို စနစ်တကျရှိစေရေးအတွက် ပညာပေးရေးလုပ်ငန်းကို ဆောင်ရွက်ခြင်း၊

8. The duties and powers of the Central Supervisory Board are as follows:-

(a) inspecting, supervising and directing whether or not the chemical and related substances which are produced from the chemical and related substances businesses, are correspondent with the prescribed standard and norms;

(b) forming the Supervisory Board of the Region, the State, the Union Territory, the Self-Administered Division, the Self-Administered Zone, the District or the Township if necessary and prescribing their duties and functions with the approval of the Central Leading Board;

(c) prescribing the rules and regulations that are safety from hazard in respect of the chemical and related substances businesses;

(d) advising and submitting the identity of the chemical and related substances which should be amended or added or canceled from the national chemical and related substance profile to the Central Leading Board;

(e) performing the educative work for being systematic in transporting, possessing, purchasing, distributing, selling, storing, using and discarding the chemical and related substances which are used with permission;

(စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍ မတော်တဆ ဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့်လျော့ပါးစေရန် လုံခြုံရေး ကိရိယာများ၊ ကိုယ်ခန္ဓာ ကာကွယ်ရေး ကိရိယာများထားရှိခြင်းနှင့် စနစ်တကျ သုံးစွဲတတ်စေရန် ပြည်တွင်း၊ ပြည်ပသင်တန်းများ တက်ရောက်စေခြင်း၊

(ဆ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ သိုလှောင် ရေး၊ သုံးစွဲရေး နှင့် စွန့်ပစ်ရေးဆိုင်ရာ နည်းလမ်းများနှင့် စည်းမျဉ်း စည်းကမ်း များ သတ်မှတ်ခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရ တားမြစ်ထားသော ဓာတု ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ယင်းတို့ကို ထည့်သွင်း အသုံးပြုသော စက်ကိရိယာများကိုလည်းကောင်း၊ ပြည်တွင်းသို့ တင်သွင်း ခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းများမပြုရန် တားမြစ် ပိတ်ပင်ခြင်း၊

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှ ထွက်ရှိလာသော အခိုးအငွေ့၊ အရည်၊ အဆီနှင့် အစိုင်အခဲ စွန့်ပစ် ပစ္စည်းများ၊ ပျက်စီးနေသော သို့မဟုတ် သက်တမ်းလွန်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ စုပုံခြင်း၊ စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက် များသတ်မှတ်ခြင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ည) ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို နိုင်ငံတွင်းမှ တစ်ဆင့် ဖြတ်သန်း ကုန်သွယ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းကိစ္စအတွက် ထောက်ခံချက်ကို ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ် ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်အဆင့်နှင့် အန္တရာယ် အမျိုး အစားများကို သတ်မှတ်ခြင်း၊

(f) supporting the security equipments and personal protection equipments to prevent and decrease from accidents and attending to the local and foreign trainings in order to use systematically in respect of the chemical and related substances;

(g) prescribing the methods and rules and regulations relating to the transportation, storing, using and discarding of the chemical and related substances;

(h) prohibiting the banned chemical and related substances according to the international agreement and the machines which those substances were used therein not to be imported or exported;

(i) prescribing the regulations in respect of destroying, piling up, discarding of the decayed or expired chemical and related substances and the smoke and gas, liquid, oil and grease, solid wastes released from the chemical and related substances businesses, inspecting whether or not the prescribed regulations follow up;

(j) issuing or refusing the letter of recommendation for the matter of trading as transit in local, import or export the chemical or related substances;

(k) prescribing the hazard level and class of the chemical and related substances;

(ဠ) လိုင်စင်စည်းကမ်းချက်များနှင့် မှတ်ပုံတင်လက်မှတ် စည်းကမ်းချက်များ ကို သတ်မှတ် ခြင်း၊

(ဥ) ဗဟိုဦးစီးအဖွဲ့က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်းကောင်း၊ ထူးခြားသော အခြေအနေတွင် တာဝန်ယူ လုပ်ဆောင်ရမည့် လမ်းညွှန်ချက်များကိုလည်းကောင်း ရေးဆွဲ၍ စီမံချက်ချမှတ် ဆောင်ရွက် ရမည်။

## အခန်း (၆)

## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ် ရန် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီး ဌာန၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဓာတုဗေဒကျွမ်းကျင်သူ အနည်းဆုံးတစ်ဦး ပါဝင်သော စစ်ဆေးရေး အဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့သည် မိမိ၏ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ် ကာလအတွင်း တင်ပြရမည်။

(l) prescribing the regulations of the licence and the registration certificate;

(m) carrying out the functions and duties assigned by the Central Leading Board.

9. Central Supervisory Board shall perform to draw up a plan and lay down the directives relating to the producing, treating, storing, transporting, possessing and using the chemical and related substances safely and the directives which will be carried out for the emergency.

## Chapter VI

## Formation of the Board of Inspection and its Duties and Powers

10. The respective Supervisory Board:-

(a) shall form the Board of Inspection which consist of the persons from the Development Committee, Myanmar Police Force, Myanmar Fire Brigade, Department of Administrative, Department of Health, respective Government Department, Government Organization and at least a Chemist, if necessary;

(b) the Board of Inspection formed by sub-section (a), shall submit its performance to the respective Supervisory Board within the prescriptive period.

၁၁။ စစ်ဆေးရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်း များကို စစ်ဆေးရာတွင် သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ခြောက်လလျှင်တစ်ကြိမ် ပုံမှန်စစ်ဆေး၍ အစီရင်ခံစာကို သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ခ) ခြောက်လလျှင် တစ်ကြိမ် ပုံမှန်စစ်ဆေးမှု၏ ကြားကာလတွင် ရှောင်တခင် စစ်ဆေးခြင်းနှင့်သတင်းအရစစ်ဆေးခြင်းကို ဆောင်ရွက်ခြင်း၊

(ဂ) ထူးခြားသော အခြေအနေများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်း အကြောင်းကြားတင်ပြခြင်း။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့တို့က ပေးအပ်သော တာဝန်များကို တိကျစွာလိုက်နာ ဆောင်ရွက်ခြင်း။

၁၂။ (က) သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သည် နယ်စပ်ကုန်သွယ်မှု စခန်းများ၊ ဆိပ်ကမ်းများနှင့် အခြားလိုအပ်သော နေရာများတွင် စစ်ဆေးရေး အဖွဲ့များ ဖွဲ့စည်းထားရှိနိုင်သည်။ ထိုသို့ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့များသည် ပုဒ်မ ၁၀ ၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၁၁ တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့သည် ပြည်ပနိုင်ငံမှ တင်သွင်းလာသော ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများကို သတ်မှတ်ထားသော နည်းလမ်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင် ခြင်း ရှိ၊ မရှိကို လိုအပ်သလို စစ်ဆေးရမည်။ ထိုသို့ စစ်ဆေး ရာတွင် ထူးခြားသော အခြေအနေများရှိပါက သက်ဆိုင်ရာ ကြီးကြပ်ရေး အဖွဲ့သို့ ချက်ချင်း တင်ပြရမည်။

11. The Board of Inspection shall perform the following matters in accordance with the stipulations in inspecting the chemical and related substances businesses:-

(a) submitting the report of six-monthly regular inspecting to the respective Supervisory Board;

(b) carrying out the inspecting according to the surprise check and information within the period of six-monthly regular inspecting;

(c) informing and submitting immediately to the respective Supervisory Board if emergency is inspected;

(d) abiding and performing exactly the duties delegated by the Central Supervisory Board and the respective Supervisory Board.

12. (a) The Respective Supervisory Board may form the Boards of Inspection in the border – trade camps, harbors and any other necessary places. Those Boards of Inspection shall abide and perform the provisions consisted in the sub-section (b) of section 10 and section 11.

(b) The Board of Inspection formed by sub-section (a) shall inspect whether or not the imported hazardous chemical are packing, transporting, possessing and storing in accordance with the prescriptive rules and regulations, if necessary. After those inspecting, if there is emergency, shall submit to the respective Supervisory Board immediately.

## အခန်း (၇)

## ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်

၁၃။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်နှင့်တကွ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၁၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ၁၃ အရ လိုင်စင်လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက လိုင်စင်ခပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် အတူ လိုင်စင်ကို ထုတ်ပေးရမည်။

၁၅။ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ-

(က) စက်ပစ္စည်းကိရိယာများ၏ လုံခြုံစိတ်ချမှုနှင့် ခံနိုင်ရည်ရှိမှုတို့အတွက် သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်း ကို ခံယူရမည်။

(ခ) တာဝန်ထမ်းဆောင်မည့်သူများကို သက်ဆိုင်ရာ ပြည်ပသင်တန်းများ သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဖွင့်လှစ်သော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်မှုသင်တန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများသို့ တက်ရောက်စေရမည်။

## Chapter VII

## Licence Permitted for the Chemical and Related Substances Businesses

13. A person who wants to operate the chemical and related substances business shall apply to obtain a licence together with the management working plan relating to the environmental conservation to the Central Supervisory Board in accordance with the stipulations.

14. The Central Supervisory Board:-

(a) may permit or refuse to grant licence for the application of licence according to section 13, after scrutinizing in accordance with the stipulations;

(b) shall grant the licence with regulations, if permit to grant the licence, after being paid the licence fees.

15. A person who has obtained a licence, before starting the respective chemical and related substances business:-

(a) shall be inspected for the safety and the power of resistance of the machinery and equipments by the respective Supervisory Board and Board of Inspection;

(b) shall be attended the person who serve in the work to the respective foreign trainings or the trainings and the expert trainings on prevention of hazard from the chemical and related substances opened by the government department and the government organizations.

၁၆။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်း စေရေးအတွက် ညွှန်ကြားချက်များကို မိမိကိုယ်တိုင် လိုက်နာရမည့်အပြင် လုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများက တိကျစွာ လိုက်နာ စေရန်လည်း ဆောင်ရွက်ရမည်။

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် လိုအပ်သော လုံခြုံရေးကိရိယာများ လုံလောက်စွာထားရှိရမည့် အပြင် လုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများအား ကိုယ်ခန္ဓာကာကွယ်ရေး ကိရိယာနှင့် ဝတ်စုံများကို အခမဲ့ ထုတ်ပေးရမည်။

(ဃ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများအား လုပ်ငန်းခွင်လုံခြုံရေး ကိရိယာ၊ ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများကို စနစ်တကျသုံးစွဲ တတ်စေရန် သင်တန်းပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် လိုအပ်သလို ညွှန်ကြားခြင်းများပြုရမည်။

(င) လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကို လည်းကောင်း၊ ဘေးအန္တရာယ်ထိခိုက်နိုင်မှု ရှိ၊ မရှိနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေး အဖွဲ့များ၏ စစ်ဆေးခြင်း ကို ခံယူရမည်။

(စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင် မည့်သူများအား ကျန်းမာရေးစစ်ဆေးပေးပြီး ယင်းလုပ်ငန်းတွင်လုပ်ကိုင်ရန်ကျန်းမာရေးနှင့်ညီညွတ်ကြောင်း ထောက်ခံချက်ရရှိမှ သာတာဝန် ထမ်းဆောင်ခွင့်ပြုရမည်။ ယင်းတို့၏ ကျန်းမာရေးစစ်ဆေးချက် မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းထား ရှိရမည်။

16. A person who has obtained a licence:-

(a) shall abide the licence regulations;

(b) shall perform to abide strictly the instructions for being safety in using the chemical and related substances by himself and also the persons who serve the work;

(c) shall keep the required safety equipments enough in the chemical and related substances businesses, furthermore shall grant the personal protection equipments and dresses free of charge to the working persons;

(d) shall make the course of training and study and instruction if necessary to the working persons for using the occupational safety equipment, the personal protection equipment and the dresses systematically in the chemical and related substances business;

(e) shall be inspected by the respective Supervisory Board and Boards of Inspection in respect of whether or not the hazard may impact on the Human Being and Animals' health and the environment;

(f) shall make medical check up the working persons who will work in the chemical and related substances business and shall permit to serve in that work after obtaining the recommendation that his health is suitable for that work. This medical check up records shall be kept systematically;

(ဆ) အန္တရာယ်ရှိနိုင်သော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို သိုလှောင်ခွင့်ရရှိပါ က ခွင့်ပြုသည့်အကြောင်းကြားစာ မိတ္တူကို သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့ရမည်။

(ဇ) မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကို အသုံးပြု၍ မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်း လုပ်ကိုင်ပါက သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏ လမ်းညွှန်သဘောတူညီချက် ကြိုတင်ရယူရမည်။

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းတွင် သယ်ယူပို့ဆောင်သည့်အခါ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုထားသောပမာဏကိုသာ သယ်ဆောင်ရမည်။

(ည) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို လိုင်စင်ပါ နေရာဒေသတစ်ခုခုမှ အခြားနေရာ ဒေသတစ်ခုခုသို့ ပြောင်းလဲပြီး သယ်ယူပို့ဆောင်ရန်ရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့ထံမှ ခွင့်ပြုချက်ရယူရမည်။

(ဋ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းမရှိစေရန် ပတ်ဝန်းကျင်နှင့် သက်ဆိုင်သော ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၇။ လိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းနှင့် စပ်လျဉ်း၍ လူနှင့်တိရစ္ဆာန်တို့ကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကိုသော်လည်းကောင်း ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်ပါက လျော်ကြေးပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ အာမခံထားရှိရမည်။

၁၈။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေး အဖွဲ့သို့ လျှောက်ထားရမည်။

(g) shall send the copy of informative letter of the permission to the respective Department of Township Administration, if the hazardous chemical or related substances are permitted to store;

(h) shall acquire in advance the guidance and agreement of the respective Department of Fire Brigade, if the business that is worried to fire hazard is operated by using the fire hazard substances or the explosive substances;

(i) shall transport only the permitted amount of the chemical and related substances in accordance with the prescriptive stipulations, if they are transported in local;

(j) shall take the permission from the Central Supervisory Board if the chemical and related substance is altered and transferred from one place to any other place which contained in the licence;

(k) shall abide and perform in accordance with the related environmental laws not to impact and damage to the environment in operating the chemical and related substances business.

17. A person who has obtained a licence, shall put the insurance in accordance with the prescriptive stipulations to be able to pay the compensation, if the impact and damage is occurred on the Human Being and Animals or the environment in respect of the chemical and related substances businesses.

18. A person who has obtained a licence, shall apply to extend the duration of licence, (30) days in advance before the date of expiry to the Central Supervisory Board in accordance with the stipulations.

၁၉။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၈ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၈)

## မှတ်ပုံတင်လက်မှတ်

၂၀။ လိုင်စင်ရရှိသူသည် မိမိ၏ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် အသုံးပြုမည့်လုပ်ငန်းနှင့် သက်ဆိုင်သော ဓာတုပစ္စည်းနှင့် ဆက်စပ် ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့ သို့ လျှောက် ထားရမည်။

၂၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက သက်ဆိုင်ရာ ဓာတုပစ္စည်းနှင့် ဆက်စပ် ပစ္စည်းများအတွက် မှတ်ပုံတင်ခ ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့်အတူ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက် များကို လိုက်နာရမည့်အပြင် ဗဟိုကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့် နှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

၂၃။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မိမိမှတ်ပုံတင်ထားသော စာရင်းတွင်မပါရှိသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြုရန်ရှိပါက မှတ်ပုံတင်ပေးရန် ဗဟို ကြီးကြပ်ရေးအဖွဲ့သို့ ထပ်မံလျှောက် ထားရမည်။

(ခ) မိမိမှတ်ပုံတင်ထားသော စာရင်းတွင်ပါရှိသော်လည်း အသုံးမပြုလို သော ဓာတုပစ္စည်း နှင့် ဆက်စပ်ပစ္စည်းများရှိပါက အဆိုပါ စာရင်း ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အသိပေး တင်ပြရမည်။

19. The Central Supervisory Board may permit or refuse to extend the duration of the licence of the application according to section 18, after scrutinizing in accordance with the stipulations.

## Chapter VIII
## Registration Certificate

20. A person who has obtained a licence shall apply the related chemical and related substances that will be used in his chemical and related substances business in accordance with the stipulations to the Central Supervisory Board.

21. The Central Supervisory Board scrutinizes the application according to section 20 and if it is in accord with the stipulations, shall issue the registration certificate with regulations after being paid the registration fees for the respective chemical and related substances.

22. A person who has obtained the registration certificate shall abide the regulations consisted in the registration certificate furthermore shall also abide the order and instructions issued occasionally by the Central Supervisory Board.

23. A person who has obtained the registration certificate:-

(a) shall apply to register again, to the Central Supervisory Board if the chemical and related substances, which are not contained in the registered list, are used;

(b) shall inform and submit the unused chemical and related substances list to the Central Supervisory Board, although which are contained in the registered list.

၂၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်သက်တမ်းကို တိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေး အဖွဲ့သို့ လျှောက်ထားရမည်။

၂၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၆။ မှတ်ပုံတင်ခွင့် ရရှိထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် ပြည်တွင်းပြည်ပမှ ထပ်မံရရှိသည့် အချက်အလက်များအရ လူ၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်အား အန္တရာယ်ဖြစ်စေနိုင်သည်ဟု သိရှိရပါက ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ထိုဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို တားမြစ်ရမည်။ လိုအပ်ပါက မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်း ပြုနိုင်သည်။

## အခန်း(၉)

## အန္တရာယ်ထိန်းချုပ်ကာကွယ်ခြင်းနှင့် အန္တရာယ်ကိုလျော့ပါးစေခြင်း

၂၇။ လိုင်စင်ရရှိသူများသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အန္တရာယ် ကို ထိန်းချုပ် ကာကွယ်ရန်နှင့် လျော့ပါးစေရန် အောက်ပါတို့ကို လိုက်နာစေရ မည်-

(က) အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အန္တရာယ်အဆင့်ကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ ဂုဏ်သတ္တိများအရ အမျိုးအစား ခွဲခြားခြင်း၊

(ခ) အန္တရာယ်ကင်းရှင်းမှုအဆင့် မှတ်တမ်းလွှာနှင့် အန္တရာယ်သတိပေး အမှတ်အသားတို့ကို ဖော်ပြခြင်း၊

(ဂ) မတော်တဆဖြစ်ပွားမှု ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုံခြုံရေး ကိရိယာများ၊ ကိုယ်ခန္ဓာ ကာကွယ်ရေးကိရိယာများထားရှိခြင်းနှင့် စနစ်တကျ သုံးစွဲတတ်စေရန် သင်တန်းများ တက်ရောက်စေခြင်း၊

24. A person who has obtained the registration certificate shall apply to extend the duration of the registration certificate (30) days in advance before the date of expiry to the Central Supervisory Board in accordance with the stipulations.

25. The Central Supervisory Board may permit or refuse the application according to section 24 after scrutinizing in accordance with the stipulations.

26. The Central Supervisory Board shall prohibit the performance of the chemical and related substances business, if the chemical and related substances which have granted by the registration are known to be hazardous to Human Being, Animal and environment according to the information that is obtained again from local and abroad. The registration certificate may be withdrawn, if necessary.

## Chapter IX

## Hazard Control and Decrease

27. A person who has obtained the licence to be complied the following matters to control and decrease the hazard of the chemical and related substances:-

(a) classifying the hazard level to protect in advance the hazard according to the properties of the chemical and related substances;

(b) expressing the Material Safety Data Sheet and Pictogram;

(c) providing the safety equipments, the personal protection equipments to protect and decrease the accident and attending to the training to be used systematically;

(ဃ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ခြင်း။

(င) ဗဟိုကြီးကြပ်ရေးအဖွဲ့က တားမြစ်ပိတ်ပင်ထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ ယင်းတို့ကို ထည့်သွင်းအသုံးပြုသော စက်ကိရိယာများကို ပြည်တွင်းသို့ တင်သွင်းမှု သို့မဟုတ် ပြည်ပသို့ တင်ပို့မှုမပြုခြင်း။

## အခန်း (၁၀)

## လိုင်စင် ပျက်ပြယ်ခြင်းနှင့် ပြန်လည်လျှောက်ထားခြင်း

၂၈။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်-

(က) လိုင်စင်ကို ပြန်လည်အပ်နှံခြင်း၊

(ခ) လိုင်စင်သက်တမ်းကုန်ဆုံးချိန်အထိ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားမှု မရှိခြင်း၊

(ဂ) ဤဥပဒေအရ လိုင်စင်ပယ်ဖျက်ခံရခြင်း။

၂၉။ လိုင်စင်ရရှိသူသည်-

(က) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် လိုင်စင် ပျက်ပြယ်သည့်ကိစ္စတွင် သတ်မှတ်ချက်များနှင့် အညီ လိုင်စင် ပြန်လည် လျှောက်ထား နိုင်ခွင့်ရှိသည်။

(ခ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ဂ)အရ လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် လိုင်စင် ပြန်လည် လျှောက်ထားခွင့်မရှိစေရ။

(d) performing in accordance with the stipulations in respect of transporting, possessing, storing, using, discharging the chemical and related substances;

(e) not being imported or exported the chemical and related substances banned by the Central Supervisory Board and the machinery and equipments which are used them.

## Chapter X

## Invalidation and Reapplication of Licence

28. The licence shall be deemed to be annulled, when one of the following matter is appeared:-

(a) re-entrusting the licence;

(b) no applying to renew the licence until the licence duration is due;

(c) annulling the licence according to this Law.

29. A person who has obtained the licence.

(a) has an opportunity to reapply the licence in the case of licence annul due to any matter contained in sub-section(a) and (b) of the section 28 in accordance with the stipulations;

(b) has no opportunity to reapply the licence due to the matter of licence annulled according to sub-section (c) of the section 28.

## အခန်း(၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် လိုင်စင်ရရှိသူက လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ရရှိသူက မှတ်ပုံတင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်းသော်လည်းကောင်း၊ လိုင်စင်ရရှိသူနှင့် မှတ်ပုံတင်လက်မှတ်ရရှိသူတို့က ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများပါ သက်ဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်းစစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း အောက်ပါစီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းကို ယာယီ ရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ဆက်လက် လုပ်ဆောင် ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်တို့ကို ပယ်ဖျက်ခြင်း။

၃၁။ ပုဒ်မ ၃၀ အရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုဦးစီးအဖွဲ့သို့ အယူခံနိုင်သည်။

၃၂။ ဗဟိုဦးစီးအဖွဲ့သည် ပုဒ်မ ၃၁ အရ အယူခံမှုတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## Chapter XI
## Administrative Action and Appeal

30. The Central Supervisory Board may pass any of the followings administrative order either the person, who has obtained the licence, breaks any regulation contained in licence or the person, who has obtained the registration certificate, breaks any regulation contained in certificate or the person who has obtained the licence and registration certificate breaks or omits to abide any regulation in respect of the rules and regulations, notification, order, directive and procedures by scrutinizing:-

(a) suspending the chemical and related substances business temporarily;

(b) permitting to perform the chemical and related substances business continuously after being paid the fine and repairing the necessary matters;

(c) annulling the licence and registration certificate.

31. A person, dissatisfied with an order or decision made by the Central Supervisory Board according to section 30, may file an appeal to the Central Leading Board within (60) days from the date of such order or decision was made.

32. The Central Leading Board may approve, amend or annul the order or the resolution of the Central Supervisory Board in appeal according to section 31.

## အခန်း (၁၂)

## တားမြစ်ချက်များ

၃၃။ မည်သူမျှ ဗဟိုဦးစီးအဖွဲ့က တားမြစ်ပိတ်ပင်ထားသည့် ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

၃၄။ မည်သူမျှလိုင်စင်မရှိဘဲ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၃၅။ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သော သို့မဟုတ် အရည်အသွေး စံချိန်စံညွှန်းမမီသော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ဆိုင်ရာ လုပ်ငန်းတွင် သုံးစွဲခြင်း မပြုရ။

၃၆။ မည်သူမျှ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းနှင့် စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ က စစ်ဆေးခြင်းကို ဆောင်ရွက်ရာတွင် တားဆီးပိတ်ပင်ခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက် ခြင်းမပြုရ။

## အခန်း(၁၃)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ခုနစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

## Chapter XII

## Prohibitions

33. No one shall produce, treat and formulate, use, possess, store, distribute, sell, transport, import or export the chemical or related substances prohibited by the Central Leading Board.

34. No one shall operate the chemical and related substances business without licence.

35. No one shall use the chemical or the related substances which are unregistered or annulled from the registered list or not met to the quality and norm in the chemical and related substance business.

36. No one shall restrict or disturb the inspecting of the Central Supervisory Board, the Supervisory Board and the Boards of Inspection in respect of the chemical and related substances business.

## Chapter XIII

## Offences and Penalties

37. Whoever violates any prohibition of section 33, shall on conviction be punished with imprisonment which does not exceed seven years or with fine which does not exceed Kyat seven hundred thousand or with both. In addition, the exhibits involved in the offence shall also be liable to be confiscated.

၃၈။ မည်သူမဆို ပုဒ်မ ၃၄ နှင့် ၃၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုနှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ် ရမည်။

## အခန်း (၁၄)

## အထွေထွေ

၄၀။ ဝန်ကြီးဌာနသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ မှတ်ပုံတင်ခ၊ မှတ်ပုံတင် သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစစ်ဆေးခများကို သတ်မှတ်ရမည်။

၄၁။ (က) ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစား ခွင့်ရှိသည်။

(ခ) ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေး ရေးအဖွဲ့များ၏ ကုန်ကျစရိတ်နှင့် ချီးမြှင့်ငွေများကို ဝန်ကြီးဌာနက ကျခံရမည်။

၄၂။ ဗဟိုဦးစီးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများကို ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၄၃။ ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းနှင့် စပ်လျဉ်း၍ -

(က) မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် သတ်မှတ်ရက်အတွင်း အယူခံလျှောက်ထားခြင်းမပြုပါက မူလ

38. Whoever violates any prohibition of section 34 and 35, shall on conviction be punished with imprisonment which does not exceed five years or with fine which does not exceed Kyat five hundred thousand or with both. In addition, the exhibits involved in the offence shall also be liable to be confiscated.

39. Whoever violates any prohibition of section 36, shall on conviction be punished with imprisonment which does not exceed two years or with fine which does not exceed Kyat two hundred thousand or with both.

## Chapter XIV
## Miscellaneous

40. The Ministry shall prescribe the licence fees, renewal of licence fees, the registration fees, renewal of the registration fees and test fees.

41. (a) The members who are not served as service personnel, in the Central Leading Board, the Central Supervisory Board, the Supervisory Board and the Board of Inspection, has entitled to enjoy the remuneration, prescribed by the Ministry.

(b) The Ministry shall bear the expenditure and the remuneration of the Central Leading Board, the Central Supervisory Board, the Supervisory Board and the Board of Inspection.

42. The Ministry shall form and assign duty to the staff required to carry out the office work of the Central Leading Board.

43. In respect of the chemical or the related substances:-

(a) the report of the Primary Laboratory analysis shall be conclusive evidence if there is no filing appeal on the

ဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် အပြီးသတ် သက်သေခံချက် ဖြစ်စေရမည်။

(ခ) မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် သတ်မှတ်ရက်အတွင်း အယူခံလျှောက်ထားခဲ့ပါက အယူခံဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် အပြီးသတ် သက်သေခံချက် ဖြစ်စေရမည်။

၄၄။ ပုဒ်မ ၃၉ ပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၅။ လိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း ပြုလုပ်လိုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်ကို ရယူ၍ သက်ဆိုင်ရာသို့ လျှောက်ထားရမည်။

၄၆။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုဦးစီးအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါကနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကိုပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ) ဝန်ကြီးဌာန၊ ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

report of the Primary Laboratory analysis within the prescribed date;

(b) the report of the Appellate Laboratory analysis shall be conclusive evidence if there is filing appeal on the report of the Primary Laboratory analysis within the prescribed date.

44. The offence contained in section 39 is prescribed as a cognizable offence.

45. A person who has obtained licence acquire the recommendation of the Central Supervisory Board and shall apply to the respective Department and Organization if he wants to import or export the chemical and related substances.

46. In instituting legal proceeding under this law, prior sanction of the Central Leading Board shall be obtained.

47. For the purpose of implementing the provision of this law:-

(a) the Ministry may issue rules, regulations as may be necessary with the approval of the Union Government;

(b) the Ministry, the Central Leading Board and the Central Supervisory Board may issue notification, order and directives and procedures as may be necessary.

---

I sign it in accord with the constitution of the Republic of the Union of Myanmar.

Sd / Thein Sein
President
Republic of the Union of Myanmar

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

The Republic of the Union of Myanmar

စက်မှုဝန်ကြီးဌာန

Ministry of Industry

# ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ

# Prevention of Hazard from Chemical and Related Substances Law



၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

26th August, 2013

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

The Republic of the Union of Myanmar

စက်မှုဝန်ကြီးဌာန

Ministry of Industry

# ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ

## Prevention of Hazard from Chemical and Related Substances Law



၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

26 th August, 2013

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စက်မှုဝန်ကြီးဌာန၊
စက်မှုညွှန်ကြားရေးဦးစီးဌာန ကိုယ်စား၊ ညွှန်ကြားရေးမှူး
ဦးသောင်းမြင့်က ထုတ်ဝေသည်။

၂၀၁၄ ခုနှစ်
ဇန်နဝါရီလ
အုပ်ရေ ၁၀၀၀

U Thaung Myint, Director publishes this law on behalf of Directorate of Industry, Ministry of Industry, the Republic of the Union of Myanmar

January, 2014
1000 nos of book

# ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ

Prevention of Hazard from Chemical and Related Substances Law

# မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း(၁) | အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) | ရည်ရွယ်ချက်များ | ၄ |
| ၃။ | အခန်း(၃) | ဗဟိုဦးစီးအဖွဲ့ဖွဲ့စည်းခြင်း | ၅ |
| ၄။ | အခန်း(၄) | ဗဟိုဦးစီးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၆ |
| ၅။ | အခန်း(၅) | ဗဟိုကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၈ |
| ၆။ | အခန်း(၆) | စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၁ |
| ၇။ | အခန်း(၇) | ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် | ၁၃ |
| ၈။ | အခန်း(၈) | မှတ်ပုံတင်လက်မှတ် | ၁၆ |
| ၉။ | အခန်း(၉) | အန္တရာယ်ထိန်းချုပ်ကာကွယ်ခြင်းနှင့် အန္တရာယ် ကိုလျော့ပါးစေခြင်း | ၁၇ |
| ၁၀။ | အခန်း(၁၀) | လိုင်စင်ပျက်ပြယ်ခြင်းနှင့် ပြန်လည်လျှောက်ထားခြင်း | ၁၈ |
| ၁၁။ | အခန်း(၁၁) | စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်းနှင့် အယူခံခြင်း | ၁၉ |
| ၁၂။ | အခန်း(၁၂) | တားမြစ်ချက်များ | ၂၀ |
| ၁၃။ | အခန်း(၁၃) | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၂၀ |
| ၁၄။ | အခန်း(၁၄) | အထွေထွေ | ၂၁ |

## Contents


| No. | | Particulars | Page |
|---|---|---|---|
| 1. | Chapter(I) | Title and Definition | 1 |
| 2. | Chapter(II) | Aims | 4 |
| 3. | Chapter(III) | Formation of the Central Leading Board | 5 |
| 4. | Chapter(IV) | The Duties and Powers of the Central Leading Board | 6 |
| 5. | Chapter(V) | Formation of the Central Supervisory Board and its Duties and Powers | 8 |
| 6. | Chapter(VI) | Formation of the Board of Inspection and its Duties and Powers | 11 |
| 7. | Chapter(VII) | Licence Permitted for the Chemical and Related Substances Businesses | 13 |
| 8. | Chapter(VIII) | Registration Certificate | 16 |
| 9. | Chapter(IX) | Hazard Control and Decrease | 17 |
| 10. | Chapter(X) | Invalidation and Reapplication of Licence | 18 |
| 11. | Chapter(XI) | Administrative Action and Appeal | 19 |
| 12. | Chapter(XII) | Prohibitions | 20 |
| 13. | Chapter(XIII) | Offences and Penalties | 20 |
| 14. | Chapter(XIV) | Miscellaneous | 21 |